# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 10 , 2023 | Volume 71, Number 7

၁၀.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၆၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၂၅.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၈.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၇၆.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၆.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၂၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၈၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၉၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၂၂၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ–တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်း များမှ မြန်မာ–တရုတ်နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၆ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏစုစုပေါင်း တန်ဖိုးမှာ ၃၉၁၆၃၉.၈၂၀ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏ တန်ဖိုးမှာ ၅၁၀၂၃၃.၉၄၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်ကွဲ၊ ဆန်၊ ပြောင်းနှင့် လောင်စာတောင့်များ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေး စခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၁၃၈၄၉၈.၁၂၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏ တန်ဖိုးမှာ ၂၅၃၁၃၁.၇၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ လယ်ယာသုံး နောက်တွဲ ယာဉ်နှင့်အခြားယာဉ်များ၊ ဆေးဝါးပစ္စည်းများ၊ လုပ်ငန်းသုံးအခြားပစ္စည်း များ၊ လယ်ထွန်စက်၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ချည်ထည်များ၊ တွင်းထွက် (သတ္တုမှအပ)ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်မီးသီးနှင့်မီးချောင်းများ၊ သံပိုက်၊ ကုန်ထုတ်စက္ကူနှင့်မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ် ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၂၉၁၀၉.၄၂၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံ သို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၂၈၁၁၂၄.၅၂၀ တင်သွင်းမှု ရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့်တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ၁ ကျပ်လျှင် တရုတ်ငွေ ၀.၃၄၈ ယွမ်ရှိပြီး တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၇.၃၅ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## တရုတ်သို့ပြောင်းတန်ချိန် လေးသိန်းခန့် တင်ပို့နိုင်ရန်ခန့်မှန်းထား

အခုနှစ်အတွင်းမှာ တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် လေးသိန်းခန့်တင်ပို့နိုင်ရန် ခန့်မှန်းထားတယ်လို့ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များထံမှ သိရပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းကလည်း လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်း ကနေ တရုတ်သို့ ပြောင်းတန်ချိန် ၁၂၅၀ တန်နဲ့ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေး




စခန်းကနေ ၂၀၉၄ တန် တင်ပို့ခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံကထွက်ရှိတဲ့ ပြောင်းများကို ယခင်က ထိုင်းနိုင်ငံသို့ အများဆုံး တင်ပို့တာဖြစ်ပေမယ့် အခွန်ကင်းလွတ်ခွင့်ကာလ ကျော်လွန်သွားပြီဖြစ်တာကြောင့် စက်တင်ဘာလအတွင်းကစပြီး တင်ပို့မှု သိသိသာသာလျော့သွားတယ်လို့ ဆိုပါတယ်။

ဒါကြောင့် အခုနှစ် စက်တင်ဘာလကစ၍ တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့ဖို့ ဈေးကွက်ရှာဖွေခဲ့ခြင်းဖြစ်ပြီး ဘိန်းအစားထိုးပြောင်းသီးနှံအပြင် GACC နဲ့ပါ တင်ပို့နိုင်ဖို့ လုပ်ဆောင်နေတာလို့ သိရပါတယ်။

မြန်မာ့ထွက်ကုန် ပြောင်းသီးနှံကို တရုတ်ဈေးကွက်အပြင် ဗီယက်နမ်နဲ့ဖိလစ်ပိုင်နိုင်ငံတွေကိုလည်း တင်ပို့နိုင်ဖို့ ဆောင်ရွက်နေတယ်လို့ဆိုပါတယ်။

မြန်မာနိုင်ငံမှာ နှစ်စဉ်ပြည်တွင်းသုံးစွဲမှုဟာ ပြောင်းတန်ချိန် ၁ သန်းဝန်းကျင်ရှိပြီး ၂၀၂၃ ခုနှစ်အတွင်းမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြောင်းတန်ချိန် ၃ သန်းဝန်းကျင် ထွက်ရှိနိုင်တယ်လို့ ပြောင်းလုပ်ငန်းရှင်တွေက ခန့်မှန်းထားပါတယ်။

Opinion Leaders မှကူးယူဖော်ပြပါသည်။

Source: https://t.me/htwettoe

## ယခုဘဏ္ဍာနှစ် ပထမနှစ်ဝက်၌ နိုင်ငံခြားကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁ ဘီလီယံ လျော့ကျ

၂၀၂၃-၂၀၂၄ လက်ရှိ ဘဏ္ဍာနှစ်၏ ပထမနှစ်ဝက် (ဧပြီ-စက်တင်ဘာ) အတွင်း မြန်မာနိုင်ငံ၏ ပြည်ပသို့ ကုန်သွယ်မှုသည် တမန်နှစ် အလားတူကာလက အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၉၈ ဘီလီယံရှိခဲ့ရာမှ ဒေါ်လာ ၁၅ ဒသမ ၉၈ ဘီလီယံသို့ ကျဆင်းရာ ဒေါ်လာ တစ်ဘီလီယံကျော် နည်းပါးသွားခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များက ပြသသည်။

လက်ရှိဘဏ္ဍာနှစ်၏ ဧပြီ ၁ ရက်မှ စက်တင်ဘာ ၂၉ ရက်ကြား မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် ဒေါ်လာ ၇ ဒသမ ၅၈ ဘီလီယံရှိကာ သွင်းကုန်တန်ဖိုးက ဒေါ်လာ ၈ ဒသမ ၄ ဘီလီယံ ရှိသည်။

မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်းမှ ကုန်သွယ်မှုတန်ဖိုးသည် ယခုနှစ်၌ ဒေါ်လာ ၁၁ ဒသမ ၂၄၆ ဘီလီယံနှင့် နယ်စပ်မှကုန်သွယ်ရေးသည် ပထမနှစ်ဝက်၌ ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးထွက်ကုန်၊ တိရစ္ဆာန်ထွက်ကုန်၊ တွင်းထွက်သတ္တု၊ သစ်တောထွက်ပစ္စည်းနှင့်ငါးထွက်ကုန်များကို တင်ပို့ပြီး လူသုံးကုန်၊ ကုန်ကြမ်း၊ ဆေးဝါးနှင့်စားသောက်ကုန်များကို တင်သွင်းသည်။

ပို့ကုန်မြှင့်တင်ရန် ၂၀၂၀-၂၀၂၅ အမျိုးသားပို့ကုန်မဟာဗျူဟာ NES ကို အကောင်အထည်ဖော်လျက်ရှိပြီး NES ၏ဦးစားပေးကဏ္ဍမှာ စိုက်ပျိုးရေးထွက်ကုန်၊ အထည်ချုပ်၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်း၊ ငါးထွက်ကုန်၊ သစ်တောထွက်ပစ္စည်း၊ ဒီဂျစ်တယ်ကုန်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှု၊ အရည်အသွေးစီမံခန့်ခွဲမှု၊ ကုန်သွယ်ရေးသတင်းအချက်အလက်ဝန်ဆောင်မှု၊ တီထွင်ဆန်းသစ်မှုနှင့်စွန့်ဦးတီထွင်စီးပွားရေးကဏ္ဍများဖြစ်ကြသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2026033

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂-၁၀-၂၀၂၃ မှ ၆-၁၀-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော မတ်ပဲနှင့်ပဲစင်းငုံ ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၄၈၆၀၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၂၇၅၆၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၄၀၇၅၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၉၀၀၀ နှင့် မတ်ပဲ SQ/RC (2023 Crop) ကျပ် ၄၀၀၀ ဈေးကျဆင်းခဲ့ပြီး ပဲစင်းငုံ Red/RC (2023 Crop) မှာဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop)

ကွန်တိန်နာ ၈၅ လုံး ( တန်ချိန် ၂၀၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၅၀ လုံး (တန်ချိန် ၁၂၀၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၃၅ လုံး ( တန်ချိန် ၈၄၀ ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရေှာက်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရှောက်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲရှောက်(သစ်) AC ကျပ် ၁၁၀၀၀၊ မြွားနီ ကျပ် ၁၁၀၀၀၊ အိမ်မဲ ကျပ် ၈၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆၀၀၀ ဈေး အသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပန်းရဲရှောက်(သစ်) AC ကျပ် ၁၀၀၀၊ မြွားနီ ကျပ် ၁၀၀၀၊ အိမ်မဲ ကျပ် ၁၀၀၀ အသီးသီးဈေးကျ ဆင်းခဲ့ပြီး ကျန်ရှောက်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ရှောက်ရှည် အိတ်ပေါင်း ၂၆၀၀ ( ၅၂၀၀၀ ပိဿာ )နှင့် ရှောက်ပု အိတ်ပေါင်း ၃၀၀ (၄၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ရှောက်ရှည် အိတ်ပေါင်း ၂၆၀၀ (၅၂၀၀၀ ပိဿာ)နှင့် ရှောက်ပု အိတ်ပေါင်း ၃၀၀ (၄၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၂၅၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၄၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းအသား(သစ်) ကျပ် ၁၀၀ ဈေးမြင့်တက်လျက် ရှိကြောင်းသိရသည်

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၃၉၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၈၅၀၊ ပခုက္ကူကြမ်း ကျပ် ၄၀၀၀၊ ရေစကြိုထန်းလျက် (ချော)ကျပ် ၅၈၀၀၊ ကြံသကာ(စစ်) ကျပ် ၃၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၇၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ် အတွင်း တောင်သာမလိုင်(ဒိုး) ကျပ် ၁၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၃၅၀ နှင့် ရေစကြိုထန်းလျက်(ချော)ကျပ် ၁၀၀ ဈေး ကျဆင်းခဲ့သည်။ ကျန်အမျိုးအစားများဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှုးရုံး**

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၆ ရက်နေ့ အတွင်း ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေး စခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူး ၄က်ပျော၊ ရော်ဘာ၊ ဆန်ကွဲ၊ ပြောင်းနှင့်လောင်စာတောင့်များတင်ပို့ခဲ့ပြီး ပို့ကုန်၏စုစုပေါင်းငွေပမာဏမှာ ၃၉၁၆၃၉.၈၂၀ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင် အပတ် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်မှ ၂၉ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၆၉၄၄၇၇.၂၆၀ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၃၀၂၈၃၇.၄၄၀ ကန်ဒေါ်လာတန်ဖိုးလျော့နည်း၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၆ ရက်နေ့အတွင်း သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ လယ်ယာသုံးနောက်တွဲယာဉ်နှင့် အခြားယာဉ်များ၊ ဆေးဝါးပစ္စည်းများ၊ လုပ်ငန်းသုံး အခြားပစ္စည်း များ၊ လယ်ထွန်စက်၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ ချည်ထည်များ၊ တွင်းထွက်(သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်မီးသီးနှင့် မီးချောင်းများ၊ သံပိုက်၊ ကုန်ထုတ်စက္ကူနှင့် မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ၅၁၀၂၃၃.၉၄၀ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်မှ ၂၉ ရက်နေ့ထိ တင်သွင်းကုန် ၏ ငွေပမာဏတန်ဖိုး ၈၀၄၂၂၁.၁၇၀ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှင့်နှိုင်းယှဉ်ပါက ၂၉၃၉၈၇.၂၃၀ ကန်ဒေါ်လာတန်ဖိုးလျော့နည်း၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၁၁၈၅၉၄.၁၂၀ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍ ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၇.၃၅ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## ဝါးခယ်မမြို့နယ်မှရန်ကုန်မြို့သို့ ပြီးခဲ့သည့်တစ်လအတွင်း မွေးမြူရေးအသားစားကြက်ပိဿာချိန် ၁၇၀၀၀၀ အထိ တင်ပို့ရောင်းချ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်မှရန်ကုန်မြို့သို့ ပြီးခဲ့သည့်တစ်လအတွင်း မွေးမြူရေးအသားစားကြက်ပိဿာချိန် ၁၇၀၀၀၀ အထိ တင်ပို့ရောင်းချရကြောင်း ဝါးခယ်မမြို့နယ် ကြက်၊ ဘဲ၊ ကြက်ဥ၊ ဘဲဥရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်မြင့်မြင့်အေးထံမှ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့်ဩဂုတ်လ တစ်လအတွင်းက မွေးမြူရေး အသားစားကြက်ပိဿာချိန် ၉၁၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်မှ ယနေ့အထိ မွေးမြူရေး အသားစားကြက်ပိဿာချိန် ၁၇၀၀၀၀ အထိ တင်ပို့ရောင်းချရပြီး အဆိုပါဒေသမှ အသားစားကြက်များအား ရန်ကုန်မြို့မှ ဝယ်လိုအားကောင်းလာကြောင်း သိရသည်။ "အသားစားကြက်တွေကို ရန်ကုန်ဈေးကွက်က စက်တင်ဘာလ ပထမပတ်ကနေ စတင်ပြီး ဒီကနေ့အထိ ဝယ်လိုအားကောင်းလာတယ်။ ဒေသထွက် အသားစားကြက်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ အခုနှစ်ထဲမှာ အသားစားကြက်မွေးမြူတဲ့သူတွေ ထပ်တိုးလာနေတယ်။ ဝယ်ယူအားကောင်းလာတော့ မွေးမြူရေးလုပ်ငန်းရှင်တွေ အဓိက အဆင်ပြေနေတာ တွေ့ရပါတယ်။ ဝါးခယ်မမြို့နယ်က မွေးမြူရေးလုပ်ငန်းရှင်တွေက အသားစားကြက်နဲ့ဥစားကြက်ကို ယှဉ်ကြည့်တဲ့အခါ အသားစားကြက် အများဆုံး မွေးမြူကြပါတယ်။ အခုအသားစားကြက်ဈေးနည်းနည်း ထပ်မြင့်လာပါတယ်" ဟု ဝါးခယ်မမြို့နယ် ကြက်၊ ဘဲ၊ ကြက်ဥ၊ ဘဲဥရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်မြင့်မြင့်အေးက ပြောသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် မွေးမြူရေးအသားစားကြက်ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၈၅၀၀၀၀ အထိဈေးပေါက်ခဲ့သည်။ အဆိုပါ မွေးမြူရေးအသားစားကြက်၏ သက်တမ်းသည် ကြက်ပေါက်စတင်မွေးချိန်မှ ရောင်းချိန်အထိ ၄၅ ရက်မှ ရက် ၅၀ အထိကြာမြင့်ပြီး ယခင်က ကြက်ပေါက်တစ်ကောင်လျှင် ငွေကျပ် ၅၀၀ မှ ၉၀၀ အထိသာ ဈေးပေးဝယ်ယူ မွေးမြူခဲ့ရသည်။

လက်ရှိကြက်ပေါက် တစ်ကောင်လျှင် ငွေကျပ် ၁၃၀၀ မှ ၁၅၀၀ အထိ ဈေးပေးဝယ်ယူ မွေးမြူရကြောင်း၊ ကြက်စပ်စာမှာလည်း ယခင်ကတစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀ အထိသာဈေးရှိခဲ့ပြီး ယခုအခါ တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀ အထိ ဈေးပေါက်လာကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/46833

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂-၁၀-၂၀၂၃ မှ ၆-၁၀-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီနှင့်ကြက်သွန်ဖြူဈေးနှုန်း

### ကြက်သွန်နီ


ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ၊ ဆိပ်ဖြူရှယ် ကျပ် ၃၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၈၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၇၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၃၀၀ ၊ မုံရွာရှယ် ကျပ် ၂၈၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၂၇၀၀ ၊ မုံရွာလတ်သန့် ကျပ် ၂၃၀၀ နှင့် မုံရွာလတ်ချော ကျပ် ၂၂၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀၊ မုံရွာရှယ် ကျပ် ၂၀၀၊ မုံရွာလတ်ကြီး ကျပ် ၅၀ ဈေးမြင့်တက်ခဲ့ပြီး ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၈၈ စီး (၅၂၈၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၀၀ စီး ( ၆၀၀၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သော ကြောင့် ယခင်အပတ်ထက် ကြက်သွန်နီ ကားစီးရေ ၁၂ စီး (၇၂၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၇၃၀၀၊ အောင်ပန်းထူး-၂ ကျပ် ၇၃၀၀၊ အောင်ပန်းထူး-၃ ကျပ် ၈၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၈၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၆၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီးကျန် ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၇၀၀ (၈၁၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၃၃၀၀ ( ၉၉၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၆၀၀( ၁၈၀၀၀ ပိဿာ) ပိုမို ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## STOCK EXCHANGE (10.10.2023)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data


As of 6th Oct, 2023

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,889 (Shares) | 12,661,450 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -100 | -1.11% | 8,900 | 9,000 | 8,900 | 56 | 502,400 | 33,109,694 | 294,676 |
| MTSH | 00002 | 3,050 | +100 | +3.39% | 3,000 | 3,050 | 3,000 | 1,538 | 4,614,500 | 38,929,150 | 118,734 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 0 | 0 | 10,400,986 | 76,967 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 1,102 | 1,823,350 | 29,664,613 | 50,430 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 320 | 768,000 | 12,823,224 | 30,776 |
| EFR | 00006 | 2,100 | +0 | +0.00% | 2,150 | 2,150 | 2,100 | 844 | 1,792,850 | 19,977,223 | 41,952 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 426 | 2,044,800 | 10,497,598 | 50,389 |
| MAEX | 00008 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 603 | 1,115,550 | 23,804,946 | 44,039 |


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

Market summary


As of 6th Oct, 2023

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 375.34 | +0.31 | +0.08% | 376.59 | 376.84 | 374.05 | 4,889 | 12,661,450 | 8 | 707,963 |

Index chart




Market Overview

Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 6th Oct, 2023

| Trading Volume | Trading Value |
|---|---|
| 4,889 (Shares) | 12,661,450 (MMK) |

Main Board

As of 1:00 pm, 6th Oct, 2023

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,889 (Shares) | 12,661,450 (MMK) |

| MYANPIX | 375.34 ▲ 0.31 |
|---|---|
| Total Volume (shares) | 4,889 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 707,963 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 100 |
| MTSH | 00002 | 3,050 | ▲ 100 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,100 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,850 | ▲ 0 |